# အခန်း ၃

## တာဝန်ခံမှုနည်းလမ်းများနှင့် ကုစားနည်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ
အပိုင်း ၃ - နိုင်ငံတကာဥပဒေအောက်ရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
စာမျက်နှာ ၂၈ - ၃၉


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# သင်ခန်းစာရည်ရွယ်ချက်များ

လိင်အကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေအောက်ရှိ ချိုးဖောက်မှု (သို့) ရာဇဝတ်မှုဟု သတ်မှတ်ခြင်း။

CARSV အပေါ်သက်ရောက်သည့် မတူညီသည့် ဥပဒေမူဘောင်များနှင့် ၎င်းတို့၏ အပြန်အလှန်သက်ရောက်မှုကို ရှင်းပြခြင်း။

CARSV ကျူးလွန်ခံရသူ၏ ရပိုင်ခွင့်များနှင့် ရရှိနိုင်သောအဓိက တာဝန်ခံမှု နည်းလမ်းများ/ကုစားနည်းများကို ဖော်ပြခြင်း။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# နိုင်ငံတကာဥပဒေအောက်ရှိ လိင်အကြမ်းဖက်မှု

- ဖြစ်ရပ်များအပေါ်မူတည်၍ လိင်အကြမ်းဖက်မှုသည် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးတုန်းသတ်ဖြတ်မှု (သို့) အခြားနိုင်ငံတကာဥပဒေချိုးဖောက်မှုအဖြစ်သို့ရောက်သွားစေနိုင်သည်။
- မုဒိမ်းမှုနှင့်အခြားသောလိင်အကြမ်းဖက်မှုပုံစံများသည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ၏ ကိစ္စရပ်တစ်ခုအဖြစ် အမြဲတမ်းအတွက် တားမြစ်ထားသည် (ငြိမ်းချမ်းချိန်နှင့်ပဋိပက္ခ ကာလနှစ်ရပ်စလုံးအတွင်း)။
- လိင်အကြမ်းဖက်မှုသည်လည်းနိုင်ငံတကာဥပဒေပြုစာချုပ်စာတမ်းများအောက်တွင် တားမြစ်ထားပြီး၊ ဥပဒေပညာ အရလည်းငြင်းဆိုထားသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မည်သည့်နိုင်ငံတကာဥပဒေစနစ်များကို CARSV အတွက် အသုံးပြုနိုင်သလဲ

*ဤမတူညီသောဥပဒေများသည် အပြန်အလှန်ဖြည့်စွက်ကြပြီး အပြိုင်သက်ရောက်နိုင်သည်။*

## နိုင်ငံတကာရာဇဝတ် ဥပဒေ

- တစ်ဦးချင်းရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု
- စစ်ရာဇဝတ်မှု၊လူသားမျိုးနွယ် အပေါ်ကျူးလွန်သောရာဇဝတ်မှု နှင့် လူမျိုးတုန်းသတ်ဖြတ်မှု
- ကုစားခြင်းသည် တစ်ဦးချင်းကိုရာဇဝတ်ကြောင်းနှင့်တရားစွဲဆိုခြင်း(သို့) ပျက်စီးဆုံးရှုံးခြင်းများ အတွက် နစ်နာကြေးများ ဖြစ်နိုင်သည်။

## နိုင်ငံတကာလူ့အခွင့်အရေး ဆိုင်ရာဥပဒေ

- နိုင်ငံ တော် အစိုးရ ချိုးဖောက်မှုလုပ်ရပ်၊ ချိုးဖောက်မှုများကိုကာကွယ်ရန်နှင့် တုန့်ပြန်ရန်ပျက်ကွက်မှုကဲ့သို့ ပေယျာလကန်ပြုခြင်းအတွက်တိုင်းပြည်၏တာဝန်ရှိမှု
- လူ့အခွင့်အရေးချိုးဖောက်မှုများ
- ကုစားခြင်းသည် တာဝန်ရှိသည့် နိုင်ငံအား အရေးယူခြင်းနှင့်ပြန်လည်ကုစားပေးလျော်ခြင်းများ ဖြစ်နိုင်သည်။

## နိုင်ငံတကာလူသားချင်း စာနာမှုဆိုင်ရာဥပဒေ

- ရန်လို သည့် အပြုအမူ လုပ်ရပ်တွေ အပေါ်လွှမ်းမိုး သက်ရောက်သည်။
- ပဋိပက္ခတစ်ခုတွင် ဘက်ပေါင်းစုံ၏ တာဝန်ရှိမှု (အစိုးရ/အစိုးရမဟုတ်သောအဖွဲ့များ)
- IHL ကိုဆိုးရွားစွာချိုးဖောက်ခြင်းသည် နိုင်ငံတကာဥပဒေအောက်တွင်စစ်ရာဇဝတ်မှုဖြစ်သည်
- ကုစားခြင်းသည် တစ်ဦးချင်းကိုရာဇဝတ်ကြောင်းနှင့်တရားစွဲဆိုခြင်း(သို့) နိုင်ငံတော်အပေါ် တရားမ ကြောင်းအရ စွဲဆိုခြင်းများ ဖြစ်နိုင်သည်။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# မည်သည့် အပြုအမူလုပ်ရပ်တစ်ခုသည် နိုင်ငံတကာရာဇဝတ်မှု (သို့) ချိုးဖောက်မှုဖြစ်စေသလဲ

- နိုင်ငံတကာဥပဒေတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်များကို ဖော်ပြထားပြီး မည်သည့် ရာဇဝတ်မှုအမျိုးအစားများ သို့မဟုတ် ချိုးဖောက်မှုများသည် နိုင်ငံတကာ ဥပဒေအောက်တွင် ရှိနိုင်သည်ကိုလည်း ဖော်ပြသည်။
- အဖြစ်မှန်အခြေအနေများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်သည် 'သာမန် ပြည်တွင်း' ဥပဒေထက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုအောက်တွင် ကျူးလွန်မှု သို့မဟုတ် ရာဇဝတ်မှုဖြစ်နိုင်သည် (ဥပမာ- ပဋိပက္ခတွင်ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အရပ်သားများကို တိုက်ခိုက်ခြင်း၏ တစ်စိတ်တစ်ပိုင်း)။
- ပြည်တွင်းဥပဒေများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမည်မဟုတ်ပေ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ဘာကြောင့်အရေးကြီးရတာလဲ

- နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ အရ၊ နိုင်ငံတကာဥပဒေအောက် ပြင်းပြင်းထန်ထန် ချိုးဖောက် မှုများ သို့မဟုတ် ကြီးလေးသော ရာဇဝတ်မှုများအထိ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများသည် အောက်ပါတို့ကို ခံစားပိုင်ခွင့်ရှိသည်-
  - တန်းတူညီမျှပြီး ထိရောက်သော တရားမျှတမှုရရှိရေး
  - လုံလောက်သော၊ ထိရောက်မှုရှိပြီး လျင်မြန်သော ပြန်လည်ကုစားပေးလျော်ခွင့်
- နိုင်ငံတကာရာဇဝတ်မှုတစ်ခုအဖြစ် အရည်အချင်းပြည့်မီခြင်း၏ အခြားတရားဝင် အကျိုးဆက် များမှာ-
  - ပြဋ္ဌာန်းထားသော ကန့်သတ်ချက်များ (သို့) ဥပဒေကပေးထားသောရပိုင်ခွင့်များ
  - ကွပ်ကဲသူ၏တာဝန်ရှိမှု ဥပဒေသကိုအသုံးပြုခြင်း
  - နိုင်ငံတကာတရားစီရင်ပိုင်ခွင့် ဥပဒေကို ကျင့်သုံးခြင်း


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# နိုင်ငံတော်၏တာဝန်တွေကဘာတွေလဲ

သင်ခန်းစာ ၅ – နိုင်ငံတော်တာဝန်ရှိမှု နှင့် သင်ခန်းစာ ၆ - နစ်နာကြေးများ

လိင်အကြမ်းဖက်မှုကျူးလွန်သူများကို **စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန်** နိုင်ငံများတွင် အဓိက တာဝန်ရှိသည်- CARSV အပါအဝင်- ICC ၏ ဖြည့်စွက်အခန်းကဏ္ဍ (သို့သော် နိုင်ငံများနှင့် အခြားသော နိုင်ငံတကာ သို့မဟုတ် ပေါင်းစပ်တရားရုံးများကြား ဆက်ဆံရေး ကွဲပြားနိုင်သည်)

နိုင်ငံများသည် CARSV ကျူးလွန်ခံရသူများကို ၎င်းတို့နှင့် သက်ဆိုင်သည့် လုပ်ရပ်များ သို့မဟုတ် ပျက်ကွက်မှုများအတွက် **ထိရောက်သော ပြန်လည်ကုစား ပေး လျော်ခြင်းများနှင့် လျော်ကြေးငွေများ**ပေးရန် တာဝန်လည်း ရှိသည်။

နိုင်ငံများသည် ၎င်းတို့သဘောတူလက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးစာချုပ်များ (သို့) ဓလေ့ ထုံးတမ်းဆိုင်ရာ နိုင်ငံတကာဥပဒေများတွင် အာမခံထားသော အခွင့်အရေးများကို **လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်** တာဝန်ရှိသည်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# တာဝန်ခံမှုရှာဖွေးချယ်ခွင့်များ၏ အပိုင်းအခြားကို မည်သည်က သတ်မှတ်သနည်း

## CARSV ကျူးလွန်ခံရသူအတွက်ရရှိနိုင်သော တာဝန်ခံမှုယန္တရားများမှာ အောက်ပါအချက်များအပေါ်မူတည်နိုင်သည်

- ရာဇဝတ်မှုဖြစ်ပွားသောနိုင်ငံတွင်းရှိ အသုံးပြုနိုင်သောဥပဒေမူဘောင်များ
- နိုင်ငံတကာရာဇဝတ်တရားရုံး ICC ၏ရောမသဘောတူစာချုပ်အားအတည်ပြုခြင်း
- သဘောတူလက်မှတ်ထိုးထားသော အခြားဒေသတွင်း/နိုင်ငံတကာ စာချုပ်စာတမ်းများ
- ဖြစ်နိုင်ခြေရှိသောပြည်တွင်းကုစားနည်းများ ကုန်ခမ်းခြင်း
- နိုင်ငံတကာအသိုက်အဝန်းမှ တုံ့ပြန်မှု (ဥပမာ- ပေါင်းစပ်ခုံရုံး၊ စုံစမ်းရေးကော်မရှင် စသည်)
- ရာဇဝတ်မှုကျူးလွန်သည့်နေ့စွဲ၊ လုပ်ရပ်၏အခြေအနေနှင့် ကျူးလွန်ခံရသူအမျိုးအစား (ဥပမာ- CEDAW အမျိုးသားကျူးလွန်ခံရသူများအတွက် ဖွင့်မထားသော)


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ဘယ်လိုကွဲပြားတဲ့ပုံစံတွေနဲ့ တာဝန်ခံနိုင်လဲ

- လူ့အခွင့်အရေး တရားရုံးများ
- ပြည်တွင်း ရာဇဝတ်တရား ရုံးများ
- နိုင်ငံ့တကာနှင့် ပေါင်းစပ်တ ရားရုံးများ
- အမျိုးသားလူ့ အခွင့်အရေးအ ဖွဲ့အစည်းများ
- အချက်အလက် ရှာဖွေရေးအဖွဲ့ များ
- လူ့အခွင့်အရေး ကော်မတီများ
- တရားမ(သို့) ဖွဲ့စည်းပုံအခြေခံဥ ပဒေဆိုင်ရာတရား ရုံးများ
- နိုင်ငံများကြားတ ရားရုံးဖိုရမ်များ

# ဘယ်လိုကွဲပြားတဲ့ပုံစံတွေနဲ့ တာဝန်ခံနိုင်လဲ

## တရားစီရင်ရေးနှင့်မဆိုင်သော

- စုံစမ်းရေးကော်မရှင်များ
- အထူးအစီအရင်ခံသူများ၊ UPR၊ SRSG SVC/CAC မှတ်စာရင်း
- NGO မှတ်တမ်းပြုစုခြင်းနှင့် စည်းရုံး လှုံ့ဆော်အရေးဆိုခြင်းများ
- ပျောက်ဆုံးနေသူများ ဖော်ထုတ်ရေးလုပ်ငန်းစဉ်များ
- လုံခြုံရေးကဏ္ဍ စိစစ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း

## တစ်စိတ်တစ်ပိုင်းတရားစီရင်ရေး

- အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများ
- ပြန်လည်ကုစားပေးလျော်ခြင်း အစီအစဉ်များ
- ဒေသတွင်းလူ့အခွင့်အရေး ယန္တရားများ
- ကုလသမဂ္ဂစာချုပ်အဖွဲ့များ
- အမှန်တရားနှင့် ပြန်လည်သင့် မြတ်ရေး လုပ်ငန်းစဉ်များ

## တရားစီရင်ရေး

- ပြည်တွင်းရာဇဝတ်မှု၊ တရားမ (သို့) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးများ
- ဒေသတွင်းလူ့အခွင့်အရေး တရားရုံးများ
- နိုင်ငံတကာနှင့် ပေါင်းစပ်တရား ရုံးများနှင့် ခုံရုံးများ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ဘယ်လိုကွဲပြားတဲ့ပုံစံတွေနဲ့ တာဝန်ခံနိုင်လဲ

- တာဝန်ခံမှုသည် ရာဇဝတ်မှုဆိုင်ရာတာဝန်၊ နိုင်ငံတော်၏တာဝန် သို့မဟုတ် နှစ်ဖက်စလုံးကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ရန် ဖြစ်ပေါ်စေနိုင်သည်
- CARSV ၏ မှတ်တမ်းပြုစုခြင်းသည် အောင်မြင်သော တရားစွဲဆိုမှု တွင်သာ ဦးတည်သင့်သည်သာမက ထိခိုက်နစ်နာမှုများစွာကို ပြည့်စုံစွာ မှတ်တမ်းပြုစုခြင်းဖြင့် ပြန်လည်ကုစား ပေး လျော်ခြင်းများကိုလည်း ပံ့ပိုး ပေးသင့်ပါသည်
- CARSV ကျူးလွန်ခံရသူများသည် ပြည်တွင်း၊ ဒေသတွင်းနှင့်/ သို့မဟုတ် နိုင်ငံတကာအဆင့် တွင် တရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်ခြင်းများကို ရှာဖွေရရှိနိုင်သည်
- တစ်စိတ်တစ်ပိုင်းနှင့် တရားစီရင်ရေးမဟုတ်သော ယန္တရားများမှတစ်ဆင့် တာဝန်ခံမှုကို ရှာဖွေခြင်းသည် နောက်ဆုံးတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုနှင့် အခြားတရားစီရင်ရေး ဆိုင်ရာ တုံ့ပြန်မှုများနှင့် တရားဝင်စည်းနှောင်ထားသော ဆုံးဖြတ်ချက်များဆီသို့ ဦးတည် သွားနိုင်သည်


*© Institute for International Criminal Investigations 2018*

# ဘယ်လိုကွဲပြားတဲ့ပုံစံတွေနဲ့ တာဝန်ခံနိုင်လဲ

➔ နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ နည်းစနစ်သည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု များကို အထောက်အကူပြုရန် အဓိကရည်ရွယ်သော်လည်း ၎င်းသည် အခြား တာဝန်ခံမှုနည်းလမ်းများကို ဆောင်ရွက်ပေးနိုင်သည်။အကောင်းဆုံးအလေ့အကျင့်၏ အမြင့်ဆုံးစံနှုန်းကို ရည်မှန်းထားသည်။

➔ အချို့သော တာဝန်ခံမှုလမ်းကြောင်းများသည် တစ်ဖက်နှင့်တစ်ဖက် သီးသန့်ဖြစ်တည်သော်လည်း အချို့မှာ အပြိုင် သက်ရောက်နိုင်သည်

➔မှတ်တမ်းပြုစုခြင်းများသည် (လက်ရှိ အချိန်တွင် မရှိနေနိုင်သည့်) အနာဂတ်လုပ်ငန်းစဉ်များ အတွက် သက်သေအထောက်အထားများ လုံခြုံစေရန်လည်း အထောက်အကူ ဖြစ်စေနိုင်သည်

မတူညီသော တာဝန်ခံမှုယန္တရားများတွင် မတူညီသော လုပ်ပိုင်ခွင့်များ၊ ပင်မအရင်းခံ ဥပဒေ၊ လက်ခံနိုင်မှုနှင့် သက်သေအထောက်အထား လိုအပ်ချက်များ စသည်တို့ရှိသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ပြည်တွင်းတာဝန်ခံမှုနည်းလမ်းအချို့က ဘာတွေလဲ

အခန်း ၄ (တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု)
အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)၊ အခန်း ၆ (ပြန်လည်ကုစား ပေးလျော်ခြင်းများ)

- မှုခင်းဆိုင်ရာ တိုင်ကြားချက်တစ်ခု အမြန်တရားစွဲဆိုခြင်း၊
- လျော်ကြေး သို့မဟုတ် အခြားနစ်နာကြေးပုံစံများအတွက် တရားမမှုဖွင့်ခြင်း၊
- နိုင်ငံတော်က စုံစမ်းစစ်ဆေးရန်နှင့်တရားစွဲဆိုရန် ပျက်ကွက်မှုအတွက် ပြန်လည်ကုစား ပေးလျော်ရန် (သို့) စုံစမ်းစစ်ဆေးမှုအတွက် အာဏာပိုင်များအား တွန်းအားပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုတွဲတင်သွင်းခြင်း
- ကျူးလွန်ခံရသူများရန်ပုံငွေမှအုပ်ချုပ်မှုဆိုင်ရာလျော်ကြေးတောင်းခံခြင်း၊
- အမျိုးသား အချက်အလက် ရှာဖွေရေး မစ်ရှင်သို့ သတင်းအချက်အလက် ပေးခြင်း၊
- အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်ထံ အချက်အလက်များ ပေးပို့ခြင်း၊


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# လူ့အခွင့်အရေးဆိုင်ရာတာဝန်ခံမှုယန္တရား အချို့ကဘာတွေလဲ

အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)၊ အခန်း ၆ (ပြန်လည်ကုစား ပေးလျော်ခြင်းများ)

ဒေသတွင်းလူ့အခွင့်အရေးတရားရုံးများ ဥပမာ၊ ACtHR၊ ECtHR၊ IACtHR

ဒေသတွင်းလူ့အခွင့်အရေးတရားရုံးများ ဥပမာ- ECOWAS Court

UN စာချုပ်အဖွဲ့များ ဥပမာ- HRC၊ CAT၊ CEDAW၊ CRC

ဒေသတွင်းလူ့အခွင့်အရေးကော်မရှင်များ ဥပမာ- ACHPR, IACHR

တရားစီရင်ရေးနှင့်မဆိုင်သော

စည်းနှောင်မှုမရှိသော စောင့်ကြည့်ရေး

ဒေသတွင်း

UN အထူးလုပ်ထုံးလုပ်နည်းများ ဥပမာ- အထူးအစီရင်ခံသူများ

စနစ်များ၏

ကော်မတီ

ကမ္ဘာလုံးဆိုင်ရာ ကာလအလိုက် ပုံမှန်သုံးသပ်ချက် (UPR)

ပွဲများ

# CARSV ကမည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကို ဖြစ်စေသလဲ

အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)၊ အခန်း ၆ (ပြန်လည်ကုစား ပေးလျော်ခြင်းများ)

- ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် လူမဆန်စွာ ပြုမူခြင်းမှ တားမြစ်ခြင်း။
- အသက်ရှင်ခွင့်
- ကျန်းမာစွာ ရှင်သန်ခွင့်
- ဥပဒေအရ တန်းတူညီမျှ အကာအကွယ် ရပိုင်ခွင့်
- ထိရောက်သော ကုစားခွင့်နှင့် ပြန်လည်ကုစား ပေးလျော်ပိုင်ခွင့်
- ကာယဂုဏ် သိက္ခာရပိုင်ခွင့်
- မခွဲခြားပဲဆက်ဆံရပိုင်ခွင့်
- တကိုယ်ရေ ဘေးကင်းမှု ရပိုင်ခွင့်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# CARSV သည် မည်သည့် နိုင်ငံတကာ နောက်ခံရာဇဝတ်မှုများကို ဖြစ်ပေါ်စေနိုင်သနည်း

အခန်း ၄ (တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု)
နောက်ဆက်တွဲ ၁၊ သက်သေ အထောက်အထားလေ့ကျင့်ခန်းစာအုပ်

- မုဒိမ်းမှု
- လူသတ်မှု
- နှိပ်စက် ညှဉ်းပန်းမှု
- လိင်ကျွန်ပြုမှု
- အတင်းအကြပ် ပေါင်းစည်းစေခြင်း/လက်ထပ်စေခြင်း
- အတင်းအကြပ် ပြည့်တန်ဆာပြုခြင်း
- လိင်အကြမ်းဖက်ခြင်း၏အခြား ပုံစံများ
- ခွဲခြားနှိပ်ကွပ်မှု



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# အချက်အလက်ရှာဖွေရေးအဖွဲ့များရဲ့ အခန်းကဏ္ဍကဘာလဲ

- စုံစမ်းစစ်ဆေးရေးနှင့် အချက်အလက်ရှာဖွေရေး အဖွဲ့များကို ကုလသမဂ္ဂ၊ ဒေသတွင်း သို့မဟုတ် အမျိုးသား အာဏာပိုင်များက ဖွဲ့စည်းနိုင်သည်။
- သီးခြားနိုင်ငံ သို့မဟုတ် ဒေသတစ်ခုရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်/သို့မဟုတ် နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် လုပ်ပိုင်ခွင့်
- ၎င်းတို့၏ အစီရင်ခံစာများသည် တာဝန်ခံမှု ရှိစေရန် အကောင်းဆုံးနည်းလမ်း အတွက် အကြံပြုချက်များ ပေးလေ့ရှိပါသည်။
- နိုင်ငံတကာနှင့် ပေါင်းစပ်တရားရုံးများနှင့် ခုံရုံးများဖွဲ့စည်းခြင်း သို့မဟုတ် ပြည်တွင်း ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းဆီသို့ ဦးတည်သွားနိုင်သည်။


*© Institute for International Criminal Investigations 2018*

# နိုင်ငံတကာ တရားရုံးများနှင့် ခုံရုံးများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း

အခန်း ၄ (တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု)
အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)၊ သင်ခန်းစာ ၆ (ပြန်လည်ကုစား ပေးလျော်ခြင်းများ)

နောက်ဆုံးအားကိုးရာ၏ အမြဲတမ်းတရားရုံး - ဖြည့်စွက်ခြင်းဆိုင်ရာ နိယာမ

၁.၇.၀၂ နောက်ပိုင်းကျူးလွန်သော နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစီရင်ပိုင်ခွင့်

ယာယီရာဇဝတ်တရားရုံးများ - သီးခြားအခြေအနေများကို ကိုင်တွယ်ခြင်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သို့မဟုတ် နိုင်ငံတစ်ခုနှင့် ကုလသမဂ္ဂ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်း တစ်ခုအကြား သဘောတူညီချက်ဖြင့် ဖန်တီးထားသည်။

ကုလသမဂ္ဂ တရားစီရင်ရေးအဖွဲ့အစည်း -နိုင်ငံများကြား အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းသည်

တစ်ဦးချင်း သို့မဟုတ် အစု အဖွဲ့ အုပ်စုများအတွက် ယေဘုယျအားဖြင့် မရရှိနိုင်ပါ။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# IICI တာဝန်ခံမှုနည်းလမ်းများနှင့် ကုစားနည်းများ ခြုံငုံသုံးသပ်ချက်




*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# တာဝန်ခံမှုနည်းလမ်းများနှင့် ကုစားမှုများကို ရှာဖွေခြင်း

## <u>လေ့ကျင့်ခန်း</u>

သင်အကျွမ်းတဝင်ရှိသော တာဝန်ခံမှုယန္တရားများကို စဉ်းစား၊ ဆွေးနွေးပြီး အောက်ပါမေးခွန်းများကို ဖြေဆိုခြင်းဖြင့် ၎င်းတို့ကို အမျိုးအစားခွဲပါ-

- ဒီအဖွဲ့အစည်းက ဘယ်လိုတာဝန်ယူမှုမျိုးလဲ။
- ၎င်း၏ ဆုံးဖြတ်ချက်များသည် တရားဝင် စည်းနှောင်မှု ရှိပါသလား
- မဟုတ်ပါက၊ ၎င်းတို့တွင် မည်သည့်တရားဝင် လုပ်ပိုင်ခွင့်တန်ဖိုးရှိသနည်း၊ သို့မဟုတ် ကျူးလွန်ခံရ သူများ အတွက် အခြားမည်သည့်တန်ဖိုးရှိနိုင်သနည်း
- ပြည်တွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ပါသလား
- ဒုက္ခရောက်သူများကို မည်သို့ ကုစားပေးမည်နည်း


*•© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*